**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ် ( ၇၅ / ၂၀၁၆ )**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**
**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ - ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုရာတွင် နိုင်ငံခြားမှ တရားဝင် ယူဆောင်လာသည့် ငွေပမာဏအတိုင်းသာ ကုန်သွယ်ခွင့်ပြုမည်ဟူသော သတ်မှတ်ချက်အား ပယ်ဖျက်ခြင်း အမိန့်ကြော်ငြာစာ

၁။ နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးနှင့် ဆေးရုံသုံးကိရိယာများ ကုန်သွယ်ခွင့်ပြုခြင်းကို (၁၁-၁၁-၂၀၁၅) ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၉၆/၂၀၁၅) ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကုန်သွယ်ခွင့်ပြုခြင်းကို (၇-၇-၂၀၁၆) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၆) ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်၍ သတ်မှတ်ချက်များဖြင့် ကုန်သွယ်ခွင့်ပြုခဲ့ပါသည်။

၂။ အထက်ပါ အမိန့်ကြော်ငြာစာများအရ နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် သတ်မှတ်ချက်များတွင် **"ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံခြားသား ကုမ္ပဏီများ အနေဖြင့် ၎င်းတို့ တရားဝင်ယူဆောင်လာသည့် နိုင်ငံခြားငွေပမာဏအတိုင်းသာ ကုန်သွယ်မှု ပြုလုပ်ရမည်"** ဟု သတ်မှတ်ထားခဲ့ပါသည်။

၃။ သို့ရာတွင် ကုန်သွယ်မှုလုပ်ငန်းများတွင် လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ **"ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံခြားသား ကုမ္ပဏီများ အနေဖြင့် ၎င်းတို့ တရားဝင် ယူဆောင်လာသည့် နိုင်ငံခြားငွေ ပမာဏအတိုင်းသာ ကုန်သွယ်မှုပြုလုပ်ရမည်"** ဟူသော အချက်အား ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့် နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

( ပုံ ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက-၁၁/၂-၁၈/၂၀၁၆ ( ၁၂ )

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

( ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုး‌အောင်မြင့်

အမြဲတမ်းအတွင်းဝန်